# (စင်္ကာပူ) ဓမ္မဥယျာဉ်ကျောင်းဆရာတော်

## အရှင်ပဏ္ဍဝါစာရ ၏ ထေရုပ္ပတ္တိ (အကျဉ်း)



### ဇာတိချက်ကြွေ မွေးရပ်မြေ

ဆရာတော်အရှင်ပဏ္ဍဝါစာရ ကို မန္တလေးတိုင်း ပျော်ဘွယ်မြို့ နယ် ထန်းပင်ရွာတွင် ခမည်းတော် ဦးအောင်ခင် နှင့် မယ်တော် ဒေါ်သန်းရွှေ တို့ မှ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ (၇) ရက် နေ့ တွင် မွေးဖွားတော်မူခဲ့သည်။

### သာသနာ့ ဘောင်တွင်း ခြေစုံနင်း

သက်တော်(၁၄)နှစ်အရွယ်တွင် ခမည်းတော် မယ်တော်တို့ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့ပြီး သက်တော် (၂၀)ပြည့် (၁၉၈၈) ခုနှစ်တွင်ပဋ္ဌနိကာယသာသနာ့ဗိမ္မာန်ကျောင်းတိုက်(ရန်ကင်း ရန်ကုန်) ခဏ္ဍသိမ်တော်၌ တိပိဋကဆရာတော် အရှင်ကောသလ္လအားဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ် ခံယူတော်မူခဲ့သည်။

### ပညာအောင်ပွဲ အဆင့်ဆင့်နွဲ

အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းစာမေးပွဲ အထက(၁၃) မန္တလေး (၁၉၉၆ ခုနှစ်) ၊သာသနဓဇ ဓမ္မာစရိယ(ဘီအေ)( ၁၉၉၉ ခုနှစ်) ၊မဟာဓမ္မာစရိယ(အမ်အေ၊သီရိလင်္ကာ) ( ၂၀၀၂ ခုနှစ်) ၊ ဘီအေဒီပလိုမာ တရုတ်ဘာသာဖြင့် (၂၀၀၅ခုနှစ်) များတွင် အောင်မြင်ရရှိခဲ့ပါသည်။

### ပညာသင်ကြား နေရာများ

ဓမ္မာစရိယပါဠိတက္ကသိုလ်၊စစ်ကိုင်းတောင်ရိုး၊ပဋ္ဌနိကာယသာသနာ့ဗိမ္မာန် ရန်ကင်း ရန်ကုန်၊မစိုးရိမ်တိုက်သစ် စိန်ပန်း ၊ မန္တလေး ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) နှင့် (သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့) ကေလနိယ တက္ကသိုလ် (UNIVERSITY OF KELANIYA , COLOMBO, SRI LANKA) နှင့် YUAN GUANG BUDDHIST COLLEGE, TAIWAN တရုတ် (ထိုင်ဝမ်း) နိုင်ငံ ။

### ဆက်လက်ဆောင်ရွက် အများအတွက်

ယခုအခါတွင် ဆရာတော်သည် အမှတ် (၂) ၊ ဂျလန် ကေရာယွန်၊ ဆမ်းဘာဝမ် ၊ ဓမ္မဥယျာဉ် မြန်မာကျောင်း (စင်္ကာပူနိုင်ငံ)၌ (၂၀၀၇ စက်တင်ဘာ {၁၁} ရက်မှ စတင်) သီတင်းသုံးလျှက် တရားဟောတရားပြ စာသင်စာပြလုပ်ငန်းများဖြင့် သာသနာ့တာဝန်နှင့် လောကတာဝန်များ(စွမ်းနိုင်သမျှ) ဆောင်ရွက်နေပါသည်။

**ဆက်သွယ်ရန်** ဖုန်း ။ ။ (65) 9734 1415 / 8554 5882 / 6405 5322 / (95)95056011 (MM)

အီးမေးလိပ်စာ pandavacara@gmail.com , www.vpandavacara.com